မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂

(Myanmar Rice Conference- 2022)

(6-7 October 2022)

# ခေတ်အလိုက်မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခဲ့မှုအခြေအနေနှင့်သင်ခန်းစာများစာတမ်း

## (ကိုလိုနီခေတ်)

သန်းအောင်ကျော်
စုဆောင်းပြုစုတင်ပြသူ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်

နေပြည်တော်

# အပိုင်း (၁)
# ဗြိတိသျှကိုလိုနီ လက်အောက်ကျရောက်ခြင်း

- အင်္ဂလိပ်-မြန်မာပထမစစ်ပွဲ (၁၈၂၄-၁၈၂၆)၊ ဒုတိယစစ်ပွဲ (၁၈၅၂) အပြီး တစ်နိုင်ငံလုံးကို ဆက်လက် သိမ်းပိုက်ရန် ကြိုးစား၊
- ဘုံဘေဘားမား ကူးသန်းရောင်းဝယ်ရေးကော်ပိုရေးရှင်းကို မြန်မာဘုရင်က အခွန်နှင့်ဒဏ်ငွေအဖြစ် ကျပ် (၂၃) သိန်းနှင့် သစ်ခေါင်းများ၏ လုပ်ခငွေ ကျပ်(၅)သိန်း၊ စုစုပေါင်း ကျပ် (၂၈)သိန်းကို ပေးချေရန် အမိန့်ချသဖြင့် မြန်မာနိုင်ငံအား ဆက်သိမ်းရန် ရန်ကုန်၊ လန်ဒန် ကုန်သည်များ တောင်းဆို၊
- နိုဝင်ဘာလ ၂၅ ရက်နေ့တွင် သီပေါဘုရင် ပါတော်မူ၊
- ၁၈၈၆ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံအား ဗြိတိသျှဘုရင်မပိုင် နယ်မြေအဖြစ် သတ်မှတ်ကြောင်း အမိန့်ထုတ်၊


PROCLAMATION

# အပိုင်း (၂)
# ကိုလိုနီခေတ်လယ်ယာစိုက်ပျိုးမြေများတိုးချဲ့ခြင်း

- မတူညီသော စီးပွားရေးစနစ် ၂ ခု (အရင်းရှင်စီးပွားရေးစနစ်နှင့်ပဒေသရာဇ်စီးပွားရေးစနစ်)
  - ဥရောပအရင်းရှင်စီးပွားရေးစနစ်၏ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သော ကုန်ကြမ်းများကို ဖြည့်ဆည်းရန်နှင့် ကုန်ချောများကို မြန်မာဈေးကွက်သို့ ဖြန့်ဖြူးရန်။
- စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့ရန်အတွက် အိန္ဒိယလူမျိုးများ ခေါ်ယူခြင်း
  - အထက်မြန်မာပြည်မှ လယ်သမားများ ရွှေ့ပြောင်းစေရန် သဿမေဓ အခွန် ၂ နှစ် လွတ်ငြိမ်းခွင့်ပြု။

| | |
|---|---|
| (က) | ၁၈၇၄ တွင် စရိတ်ငွေ တစ်သိန်းဖြင့် ဘင်္ဂလားမှ အိန္ဒိယလူမျိုး ၇,၀၀၀ ခေါ်ယူ၊ |
| (ခ) | ၁၈၇၆ တွင် အလုပ်သမား ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး ကိုကိုနာဒါမြို့တွင် အလုပ်သမားစုဆောင်းရေး ကိုယ်စားလှယ် ခန့်အပ်၍ မဒရပ်ပြည်နယ်မှ အမျိုးသားများကို နှစ်စဉ်ခေါ်ယူ၊ |
| (ဂ) | ဘီဟာနှင့် ဒါဂျီလင်တို့မှ လူ ၁,၀၀၀ လျှင် ကျပ် ၃၀၀၀ အကုန်အကျခံ၍ ၁၈၈၂-၈၃ တွင် ခေါ်ယူ။ |

- ၁၉၀၆ ခုနှစ်မှ စတင်၍ ၁၉၃၇ အထိ အိန္ဒိယမှပြောင်းရွှေ့လာသူဦးရေမှာ ၁၀,၄၂၃,၀၃၄ (၁၀ ဒသမ ၄၂၃ သန်း) ရှိခဲ့။

- အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း
  - (က) အောက်မြန်မာပြည်။
    - (၁) မအူပင် ရေကာတာ(၁၈၈၀-၈၁)
    - (၂) ကြံခင်း-မြန်အောင်-ဟင်္သာတ ရေကာတာ(၁၈၈၁-၈၂)
    - (၃) စစ်တောင်းမြစ် ရေကာတာ(၁၈၈၇-၈၈)
    - (၄) သုံးခွကျွန်း ရေကာတာ(၁၉၂၂-၂၃)
    - (၅) တမာတကော ရေကာတာ(၁၉၂၅-၂၆)
  - (ခ) အထက်မြန်မာပြည်။
    - (၁) မန္တလေးဆည်(၁၉၁၂) ဧက ၁၁၀,၀၀၀
    - (၂) ရွှေဘိုဆည်(၁၉၀၆) } လယ်ဧက ၃၅၀,၀၀၀
    - (၃) ရေဦးဆည်(၁၉၁၈) }
    - (၄) မုန်းဆည်မြောင်း(၁၉၁၁)
    - (၅) စလင်းဆည်မြောင်း(၁၉၃၄)

## လယ်ယာမြေတိုးချဲ့မှုအခြေအနေ

### စိုက်ပျိုးမြေများ တိုးတက်လာမှုအခြေအနေ

| စဉ် | ခုနှစ် | စိုက်ပျိုးမြေဧရိယာ | နှစ်အလိုက် တိုးလာသောဧက |
|---|---|---|---|
| ၁ | ၁၈၅၂-၅၃ | ၆၀၀,၀၀၀ | - |
| ၂ | ၁၈၇၂-၇၃ | ၁,၅၀၀,၀၀၀ | ၉၀၀,၀၀၀ |
| ၃ | ၁၈၈၂-၈၃ | ၂,၈၆၀,၀၀၀ | ၁၃၆,၀၀၀ |
| ၄ | ၁၈၉၂-၉၃ | ၄,၄၆၇,၀၀၀ | ၁,၆၀၇,၀၀၀ |
| ၅ | ၁၉၀၂-၀၃ | ၆,၆၄၉,၀၀၀ | ၂,၁၈၂,၀၀၀ |
| ၆ | ၁၉၁၂-၁၃ | ၇,၉၁၃,၀၀၀ | ၁,၂၆၄,၀၀၀ |
| ၇ | ၁၉၂၂-၂၃ | ၈,၉၁၆,၀၀၀ | ၁,၀၂၃,၀၀၀ |

## စပါးစိုက်ပျိုးတိုးတက်လာမှုအခြေအနေ

| စဉ် | ခုနှစ် | အောက်မြန်မာနိုင်ငံ | အထက်မြန်မာနိုင်ငံ | စုစုပေါင်း(ဧက) |
|---|---|---|---|---|
| ၁ | ၁၈၉၀ | ၄,၃၉၈,၀၀၀ | ၁,၃၅၇,၀၀၀ | ၅,၇၅၅,၀၀၀ |
| ၂ | ၁၈၉၅ | ၅,၀၀၇,၀၀၀ | ၁,၅၀၀,၀၀၀ | ၆,၅၀၇,၀၀၀ |
| ၃ | ၁၉၀၀ | ၆,၅၇၈,၀၀၀ | ၁,၉၇၂,၀၀၀ | ၈,၅၅၀,၀၀၀ |
| ၄ | ၁၉၀၅ | ၇,၂၂၂,၀၀၀ | ၂,၀၅၇,၀၀၀ | ၉,၂၇၉,၀၀၀ |
| ၅ | ၁၉၁၀ | ၇,၈၀၈,၀၀၀ | ၂,၁၄၂,၀၀၀ | ၉,၉၅၀,၀၀၀ |
| ၆ | ၁၉၁၅ | ၈,၂၈၅,၀၀၀ | ၂,၁၁၉,၀၀၀ | ၁၀,၄၀၄,၀၀၀ |
| ၇ | ၁၉၂၀ | ၈,၅၈၈,၀၀၀ | ၁,၇၅၁,၀၀၀ | ၁၀,၃၃၉,၀၀၀ |
| ၈ | ၁၉၂၅ | ၉,၃၁၈,၀၀၀ | ၂,၂၄၀,၀၀၀ | ၁၁,၅၅၈,၀၀၀ |
| ၉ | ၁၉၃၀ | ၉,၉၁၁,၀၀၀ | ၂,၄၅၉,၀၀၀ | ၁၂,၃၇၀,၀၀၀ |
| ၁၀ | ၁၉၃၅ | ၉,၇၀၂,၃၇၁ | ၂,၃၀၇,၃၄၆ | ၁၂,၀၀၉,၇၁၇ |
| ၁၁ | ၁၉၄၀-၁၉၄၁ | ၉,၉၃၂,၅၄၈ | ၂,၅၈၅,၉၅၁ | ၁၂,၅၁၈,၄၉၉ |

- ဂျပန်ခေတ်လယ်ယာမြေအခြေအနေ
  - ဂျပန်ခေတ်မတိုင်မီ မြန်မာနိုင်ငံ၏ စပါးစိုက်ဧကသည် ၁၂ သန်းကျော်ရှိခဲ့ပြီး စပါးတန်ချိန် (၇) သန်း ကျော်ထွက်ရှိခဲ့ရာမှ ဂျပန်ခေတ်တွင် စပါးစိုက်ဧက ၆ သန်းသာရှိခဲ့ပြီး စပါးအထွက် တန်ချိန် (၂) သန်း ကျော်အထိ လျော့ကျလာခဲ့
- ဆင်းမလား စီမံကိန်း
  - မြန်မာ့ "စီးပွားရေးပြန်လည်ထူထောင်မှု" ဟု အကြောင်းပြ၍ အောက်ပါ ဥပဒေများကို ပြဋ္ဌာန်းခဲ့သည်-

    (က) ၁၉၄၅ ခုနှစ် မြေယာပဋိပက္ခဥပဒေ

    (ခ) ငွေတိုးချစားသူများ အက်ဥပဒေ

    (ဂ) ၁၉၄၆ သီးစားချထားရေး ဥပဒေ

    (ဃ) ၁၉၄၇ ခုနှစ် သီးစားခနှုန်း အက်ဥပဒေ

    (င) မြန်မာနိုင်ငံတော် လယ်ယာလုပ်ကိုင်သူတို့ ကြွေးမြီသက်သာရေးအက်ဥပဒေ

- စစ်ပြီးခေတ် ဆန်စပါးလုပ်ငန်း ပြန်လည်ထူထောင်မှု
  - (က) လယ်ယာသုံးကိရိယာများ၊ အဝတ်အစားများနှင့် အိမ်သုံးပစ္စည်းများကို အကြွေးရောင်းချပေးခြင်း၊
  - (ခ) တိုးချဲ့စိုက်ပျိုးပါက တစ်ဧကလျှင် ဆုကြေးငွေ ၁၂ ကျပ် ချီးမြှင့်မည်ဟု ကြေညာခြင်း၊
  - (ဂ) ကျွဲ၊ နွား၊ မျိုးစေ့ စသည့် လယ်ယာလုပ်ငန်းတွင် မရှိမဖြစ်ပစ္စည်းများ ဝယ်ယူရန် တောင်သူလယ်သမားများအား အမတော်ကြေးများ အမြဲထုတ်ချေးရန် အမိန့်ထုတ်ပြန်ခြင်း၊
  - (ဃ) ၁၉၄၇ ခုနှစ်တွင် လယ်သမားလုပ်ငန်းဆိုင်ရာ ကြွေးမြီများ ဆိုင်းငံ့ထားရေး အက်ဥပဒေ ပြဋ္ဌာန်းပြီး ကြွေးမြီများ ကာလသတ်မှတ်ရေး ဆိုင်းငံ့များထုတ်၊

- စစ်ပြီးစလယ်ယာစိုက်ပျိုးရေး စိုက်ဧက

| သီးနှံအမျိုးအစား | ၁၉၄၅-၄၆ | ၁၉၄၆-၄၇ | ၁၉၄၇-၄၈ |
|---|---|---|---|
| စပါး | ၆,၆၅၀,၈၅၅ ဧက | ၇,၉၀၉,၈၉၄ ဧက | ၉,၂၆၄,၅၅၉ ဧက |
| နှမ်းလျှင် | ၇၉၆,၂၂၆ ဧက | ၇၅၉,၈၅၂ ဧက | ၉၁၅,၉၃၁ ဧက |
| နှမ်းကြီး | ၄၂၂,၅၈၂ ဧက | ၄၈၆,၈၉၂ ဧက | ၄၆၄,၄၈၂ ဧက |
| မြေပဲ | ၆၂၁,၆၃၇ ဧက | ၅၇၂,၀၂၀ ဧက | ၇၂၇,၇၇၈ ဧက |

- လွတ်လပ်ရေးရယူရန် အကြိုပြင်ဆင်ကာလ
  - “ မြန်မာနိုင်ငံ၏ စီးပွားရေးကွန်ဖရင့် ”တွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ၂ နှစ် စီမံကိန်းကို ချမှတ်ခဲ့၊
  - ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လယ်ယာမြေဝေငှရေးနှင့်ပတ်သက်၍ ထည့်သွင်းရေးဆွဲခဲ့။



- ၁၉၄၈ ခုနှစ်မှ ၁၉၅၂-၅၃ ခုနှစ်အထိ အောက်မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးသည့် ခရိုင် ၁၃ ခရိုင်၌ စိုက်ပျိုးမြေစုစုပေါင်း ၉ ဒသမ ၆၈ သန်းတွင် ကိုယ်တိုင်စိုက်ပျိုးခြင်းမရှိသည့် မြေရှင်များ လက်ဝယ်တွင် ဧက ၇ ဒသမ ၁၅ သန်းခန့်ရှိပြီး စိုက်ပျိုးသူများလက်ဝယ်တွင် ၂ ဒသမ ၅၃ သန်းသာရှိ၊
- စုစုပေါင်း လယ်ယာမြေ၏ ၇၄ ရာခိုင်နှုန်းနီးပါး မြေရှင်များလက်ဝယ်တွင် ရှိနေခြင်းဖြစ်ပြီး၊
- မြေရှင်များ၏ ပိုင်ဆိုင်မှုတွင် တိုင်းရင်းသားမြေရှင်များ ဧက ၄ ဒသမ ၈၄ သန်းနှင့် ချစ်တီး လက်ဝယ် ဧက ၂ ဒသမ ၃၁ သန်း။

## ❑ ကိုလိုနီခေတ် မြန်မာ့ဆန်စပါး ပြည်ပတင်ပို့မှု

- စူးအက်တူးမြောင်း ဖောက်လုပ်ပြီးနောက် အနောက်ဥရောပသို့ မြန်မာ့ဆန်များ အောက်ပါအတိုင်း ပိုမိုတင်ပို့ခဲ့ -

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သော ဆန်တန်ချိန်ဇယား

(၁၈၄၀ ပြည့်နှစ်မှ ၁၉၀၀ ပြည့်နှစ်အထိ)

| ခုနှစ် | အနောက်ပိုင်း ဈေးကွက်များ | | အရှေ့ပိုင်း ဈေးကွက်များ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| | ဥရောပ | အခြား | | | |
| ၁၈၄၀ | ၆,၅၀၀ | - | ၆၈,၀၀၀ | ၇၄,၅၀၀ | ရခိုင်မှသာ တင်ပို့သည်။ |
| ၁၈၅၅ | ၁၃၀,၀၀၀ | - | ၃၂,၀၀၀ | ၁၆၂,၀၀၀ | ။ |
| ၁၈၆၀ | ၁၂၃,၀၀၀ | - | ၁,၀၀၀ | ၁၂၄,၀၀၀ | ။ |
| ၁၈၆၆ | ၄၁,၀၀၀ | - | ၃၀၄,၀၀၀ | ၃၄၅,၀၀၀ | စပါးအနေဖြင့် တင်ပို့သည်ကို ညီမျှဆန်တန်ဖြင့် ဖော်ပြထားပါသည်။ |
| ၁၈၇၀ | ၃၅၀,၀၀၀ | - | ၂၄,၀၀၀ | ၃၇၄,၀၀၀ | |
| ၁၈၈၀ | ၆၄၈,၀၀၀ | - | ၁၄၅,၀၀၀ | ၇၉၃,၀၀၀ | |
| ၁၈၉၀ | ၇၄၉,၀၀၀ | - | ၄၃၈,၀၀၀ | ၁,၁၈၇,၀၀၀ | |
| ၁၉၀၀-၀၁ | ၇၂၃,၁၁၇ | - | ၁,၃၃၆,၅၈၇ | ၂,၀၅၉,၇၀၄ | |





# မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ နှစ်စဉ်တင်ပို့သော စပါး ဆန်တန်ချိန်နှင့် တန်ဖိုးဇယား

| အမှတ်စဉ် | ခုနှစ် | စပါးတန်ချိန် | ဆန်တန်ချိန် | သင့်ငွေ (ဖွဲနုအပါအဝင်) (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁ | ၁၉၂၃-၂၄ | ၁၀၃,၄၈၅ | ၂,၂၁၄,၆၃၉ | ၃,၆၃၃.၉၅ |
| ၂ | ၁၉၂၄-၂၅ | ၁၄၁,၁၁၁ | ၂,၃၅၃,၀၁၁ | ၃,၉၅၇.၇၅ |
| ၃ | ၁၉၂၅-၂၆ | ၁၈၇,၈၆၁ | ၃,၁၂၂,၉၇၃ | ၄,၉၈၂.၃၁ |
| ၄ | ၁၉၂၆-၂၇ | ၁၅၀,၇၀၄ | ၂,၃၅၃,၃၁၈ | ၃,၉၁၂.၄၅ |
| ၅ | ၁၉၂၇-၂၈ | ၂၀၀,၆၄၃ | ၂,၇၆၅,၀၂၂ | ၄,၄၁၉.၂၅ |
| ၆ | ၁၉၂၈-၂၉ | ၂၃၄,၀၀၆ | ၂,၅၅၂,၃၈၇ | ၃,၈၆၇.၂၀ |
| ၇ | ၁၉၂၉-၃၀ | ၁၉၇,၅၅၇ | ၂,၉၄၀,၂၀၄ | ၃,၉၈၆.၆၉ |
| ၈ | ၁၉၃၀-၃၁ | ၁၉၆,၄၂၄ | ၂,၇၈၉,၃၆၀ | ၃,၁၃၀.၆၉ |
| ၉ | ၁၉၃၁-၃၂ | ၂၃၆,၉၇၃ | ၃,၁၅၁,၈၄၉ | ၂,၄၈၈.၇၆ |
| ၁၀ | ၁၉၃၂-၃၃ | ၁၆၄,၈၃၇ | ၂,၅၃၈,၄၀၀ | ၂,၀၂၃.၆၆ |
| ၁၁ | ၁၉၃၃-၃၄ | ၁၇၀,၇၅၀ | ၃,၁၄၄,၇၅၃ | ၁,၉၄၃.၈၇ |
| ၁၂ | ၁၉၃၄-၃၅ | ၂၃၁,၆၉၃ | ၃,၃၆၇,၂၀၄ | ၂,၁၈၄.၂၃ |
| ၁၃ | ၁၉၃၅-၃၆ | ၁၈၆,၇၄၁ | ၂,၇၇၈,၆၉၈ | ၂,၂၂၁.၀၇ |
| ၁၄ | ၁၉၃၆-၃၇ | ၉၄,၈၃၂ | ၂,၇၅၆,၅၃၀ | ၂,၁၈၃.၄၂ |
| ၁၅ | ၁၉၃၇-၃၈ | ၆၅,၈၆၁ | ၂,၇၇၆,၉၇၇ | ၂,၂၀၅.၃၅ |
| ၁၆ | ၁၉၃၈-၃၉ | ၁၁၁,၂၂၇ | ၂,၉၂၆,၀၁၀ | ၂,၂၃၃.၅၃ |
| ၁၇ | ၁၉၃၉-၄၀ | ၅၂၅,၁၉ | ၃,၀၄၈,၆၆၄ | ၂,၅၀၄.၁၀ |

## ကိုလိုနီခေတ် မြန်မာ့ဆန်စျေးကွက်

၁၉၃၁-၃၂ မှ ၁၉၃၅-၃၆ အထိ စျေးကွက်အလိုက်၊ နိုင်ငံအလိုက် တင်ပို့ခဲ့သော ဆန်တန်ချိန်ဇယား

(ရေတွက်ပုံ၊ တန်ထောင်ပေါင်း)

| နိုင်ငံများ | ၁၉၃၁-၃၂ | ၁၉၃၂-၃၃ | ၁၉၃၃-၃၄ | ၁၉၃၄-၃၅ | ၁၉၃၅-၃၆ |
|---|---|---|---|---|---|
| အင်္ဂလန် | ၂၂၄ | ၂၄၈ | ၂၈၂ | ၃၂၉ | ၂၆၀ |
| ဂျာမနီ | ၃၂၄ | ၂၈၀ | ၂၄၁ | ၁၆၁ | ၈၀ |
| နယ်သာလင် | ၁၇၄ | ၁၀၂ | ၇၃ | ၅၈ | ၆၇ |
| ဘယ်လ်ဂျီယံ | ၅၆ | ၃၀ | ၄၂ | ၂၁ | ၈ |
| အီတလီ | ၂၃ | ၂၈ | ၂၆ | ၂၅ | ၁၃ |
| ပိုလန် | ၇၄ | ၃၀ | ၃၈ | ၄၉ | ၄၉ |
| ပြင်သစ် | ၁ | - | - | - | - |
| ဥရောပစျေးကွက် | ၈၇၆ | ၇၁၈ | ၇၀၂ | ၆၄၃ | ၄၇၇ |
| အနောက်အိန္ဒိယ | ၁၉ | ၁၄ | ၂၀ | ၃၄ | ၄၁ |
| ကျွန်းစု | | | | | |
| ကျူးဘား | ၆၆ | ၃၆ | ၄၁ | ၁၆ | ၂၃ |
| မောရစ်ရှ | ၂၅ | ၃၃ | ၃၀ | ၃၃ | ၄၁ |
| ဇင်ဇီဘာ | ၁၄ | ၁၁ | ၁၃ | ၉ | ၉ |
| ရီယူနီယံ | - | ၂ | - | - | - |
| တောင်အာဖရိက | ၁၀ | ၁၀ | ၈ | ၈ | ၇ |
| အီဂျစ် | ၈၅ | ၃၅ | ၂၄ | ၃၀ | ၁၂ |
| အာရပ်နိုင်ငံများ | ၆ | ၅ | ၁၄ | ၁၆ | ၁၄ |
| အခြားအနောက်နိုင်ငံစျေးကွက် | ၂၂၅ | ၁၄၆ | ၁၅၀ | ၁၄၆ | ၁၄၇ |

## ကိုလိုနီခေတ် မြန်မာ့ဆန်စျေးကွက်အဆက်

| နိုင်ငံများ | ၁၉၃၁-၃၂ | ၁၉၃၂-၃၃ | ၁၉၃၃-၃၄ | ၁၉၃၄-၃၅ | ၁၉၃၅-၃၆ |
|---|---|---|---|---|---|
| ဂျာဗား | ၆၃ | ၁၈ | ၄ | ၂၆ | ၄ |
| စူမတြား | ၉၇ | ၆၂ | ၇၀ | ၇၀ | ၇၅ |
| စထရိတ်ဆက်တဲမင့် | ၂၄၀ | ၁၆၀ | ၁၆၄ | ၁၄၂ | ၁၄၈ |
| မလေး | ၇၁ | ၅၇ | ၆၄ | ၅၄ | ၇၈ |
| ဟောင်ကောင် | ၆၄ | ၂၉ | ၅၃ | ၃ | ၅ |
| တရုတ် | ၃၅၄ | ၂၃၄ | ၁၇၁ | ၁၇၃ | ၇၂ |
| ဂျပန် | - | ၇၄ | - | ၄ | ၉ |
| အရှေ့ဖျားစျေးကွက် | ၈၈၉ | ၆၃၄ | ၂၆၅ | ၄၇၂ | ၃၉၁ |
| သီဟိုဠ် | ၃၃၃ | ၃၀၇ | ၃၃၁ | ၃၂၇ | ၃၆၆ |
| မဒရပ်စ် | ၅၂၄ | ၄၇၂ | ၆၄၇ | ၇၄၉ | ၉၅၆ |
| ဘင်္ဂလား | ၃၅၀ | ၁၃၆ | ၅၃၇ | ၈၈၂ | ၃၀၉ |
| ဘုံဘေ | ၃၀၂ | ၃၂၄ | ၄၄၂ | ၄၀၉ | ၃၀၈ |
| ထရာဗင်ကိုး | ၅၉ | ၈၂ | ၉၈ | ၁၀၃ | ၁၁၃ |
| ကာသီယာဝါ | ၂၄ | ၃၂ | ၅၃ | ၄၉ | ၄၄ |
| သီဟိုဠ်၊ အိန္ဒိယစျေးကွက် | ၁,၅၉၂ | ၁,၃၅၃ | ၂,၁၀၈ | ၂,၅၁၉ | ၂,၀၉၆ |
| အမည်ဖော်နိုင်သော စျေးကွက် | ၃,၅၈၂ | ၂,၈၅၁ | ၃,၄၈၆ | ၃,၇၈၀ | ၃,၁၁၁ |
| အမည်ဖော်နိုင်သောစျေးကွက်နှင့်အမည်မဖော်နိုင်သော စျေးကွက် စုစုပေါင်း | ၃,၆၆၆ | ၂,၉၂၁ | ၃,၅၆၅ | ၃,၈၇၀ | ၃,၂၁၇ |

## အခြေခံအဆောက်အအုံများတည်ဆောက်ခြင်း

(က) တွံတေးတူးမြောင်း ။ ၁၈၈၃ ခုနှစ်

(ခ) ရန်ကုန်-ပြည် မီးရထားလမ်း။ ၁၈၇၇ ခုနှစ်

(ဂ) ရန်ကုန်-တောင်ငူ ရထားလမ်း။ ၁၈၈၅ ခုနှစ်

(ဃ) တောင်ငူ-မန္တလေးရထားလမ်း။ ၁၈၈၉ ခုနှစ်

(င) မန္တလေး-မူးမြစ်ဝှမ်းရထားလမ်း။ မန္တလေး-ရွှေဘို (၁၈၉၁ ခုနှစ်)၊ ၁၈၉၃ ခုနှစ်တွင် ဝန်းသို၊ ၁၈၉၅ ခုနှစ်တွင် ကသာနှင့် ၁၈၉၈ ခုနှစ် တွင်မြစ်ကြီးနားသို့ ရထားလမ်း ဖောက်လုပ်ခဲ့

(စ) ရန်ကုန်-မုတ္တမ-ရေးလမ်း။ ၁၈၈၂ ခုနှစ်တွင် ပဲခူး-မုတ္တမ၊ မော်လမြိုင်မှရေးသို့လည်း ဆက်လက် ဖောက်လုပ်ခဲ့

(ဆ) ပုသိမ်-ကြံခင်းနှင့် မန္တလေး-သီပေါ-လားရှိုး ရထား လမ်း။ ၁၉၀၁ ခုနှစ်မှ ၁၉၀၅ ခုနှစ် အတွင်း ရထားလမ်းများ ဖောက်လုပ်ခဲ့





- ကိုလိုနီခေတ် ဗြိတိသျှတို့ တည်ထောင်ခဲ့သော တူးမြောင်းများ၊ ရထားလမ်း များကို လေ့လာပါက ဆန်၊ စပါးနှင့် ကျွန်းသစ် အဓိကထွက်ရှိရာ ဒေသများတွင် ဖောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့ဆန်၊ ကျွန်းသစ်နှင့် သတ္တုများကို ပြည်ပသို့ လျင်လျင်မြန်မြန် တင်ပို့ နိုင်ရေးအတွက် တစ်နည်းအားဖြင့် ကုန်သွယ်မှုအတွက်သာ ရည်ရွယ် ခဲ့ကြောင်း တွေ့ရှိရသည်။







# အပိုင်း (၄)

# ကိုလိုနီခေတ် မြန်မာဆန်စပါးလုပ်ငန်း၏ အဓိက ဦးဆောင်အဖွဲ့အစည်းများ

- **ဆန်အုပ်ချုပ်ရေးအဖွဲ့ (Rice Control Board) (၁၉၁၈-၁၉၂၀)**

(က) မြန်မာနိုင်ငံမှ ဆန်များကို ပြည်ပနိုင်ငံများသို့ တိုက်ရိုက်ရောင်းချခွင့်မပြုဘဲ ဆန်အုပ်ချုပ်ရေး အဖွဲ့ကသာ ရောင်းချသည်။

(ခ) နှစ်အလိုက် ပြည်တွင်းစပါးဈေးနှုန်းကို အဖွဲ့က သတ်မှတ်သည်။

(ဂ) အဖွဲ့က ပြည်ပကုန်ဝယ်သူနှင့် စာချုပ်၍ ပြည်တွင်းဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များထံမှ FOB ဈေးဖြင့် တင်ဒါတင်သွင်းစေ၍ ဝယ်ယူသည်။

(ဃ) ၁၉၂၀ ပြည့်နှစ်တွင် အိန္ဒိယမှအပ အခြားနိုင်ငံများသို့ ဆန်တန်ချိန် ၉ သိန်း တင်ပို့ ခဲ့ရာမှ အမြတ်+အတိုး ကျပ် ၉ ကုဋေခွဲကျော် ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သည့် ဆန်တန်ချိန် ၁၃ သိန်းမှ မြန်မာအစိုးရ အတွက် အမြတ်ငွေ မရခဲ့သည့်အပြင် ကျပ် ၁၃ ကုဋေ ဆုံးရှုံးနစ်နာခဲ့သည်။

- မြန်မာနိုင်ငံ ဆန်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ဆောင်ချက်မှာ မြန်မာနိုင်ငံထက် အိန္ဒိယနိုင်ငံအတွက် အကျိုးရှိစေရေးကို ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်းတွေ့ရ၍ ဆန့်ကျင်ကန့်ကွက်မှုများ ပေါ်ပေါက်ခဲ့ပြီး ဆန်အုပ်ချုပ်ရေးအဖွဲ့အား ၁၉၂၀ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။

- ဘူလင်ဂျာပူးလ် (Bullinger Pool) (၁၉၂၁-၁၉၄၁)
    - ဆန်စပါးကုမ္ပဏီကြီး ၄ ခုဖြစ်သည့် စတီးဘရားသားကုမ္ပဏီ (Steel Brothers)၊ ဘူးလော့ဘရားသားကုမ္ပဏီ (Bulloch Brothers)၊ အယ်လာမန်အာရကန် ဆန်နှင့် ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ (Ellerman's Arracan Rice and Trading Company Limited) နှင့် အင်္ဂလိုဘားမားကုမ္ပဏီ (The Anglo-Burma Rice Company Limited) တို့ဖြင့် ဘူလင်ဂျာပူးလ်ကို ထူထောင်၊
    - ပြည်ပသို့ နှစ်စဉ်တင်ပို့သည့် ဆန်တန်ချိန် စုစုပေါင်း၏ ၃၅% ကို ဘူလင်ဂျာပူးလ် အဖွဲ့ကပို့၊
- ၁၉၄၁ ခုနှစ် ဆန်အုပ်ချုပ်ရေးအဖွဲ့ (Rice Control Board)
    - ၁၉၄၁ ခုနှစ် အောက်တိုဘာလတွင် ဆန်အုပ်ချုပ်ရေးအဖွဲ့ (Rice Control Ordinance 1941) ကို ထုတ်ပြန်ခဲ့
    - ဒုတိယကမ္ဘာစစ် မြန်မာပြည်သို့ ကူးစက်လာချိန်ဖြစ်၍ ရည်ရွယ်ချက်ပါ လုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမရှိခဲ့

- လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့ ( Agricultural Project Board-APB)

  - ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အမိန့်ကြော်ငြာစာအရ ဆန်စပါးလုပ်ငန်းများကို လုပ်ကိုင်ရန် လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့ (Agricultural Project Board) ကို ဖွဲ့စည်း၊
  - အဓိကလုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံ၏ ကောက်ပဲသီးနှံကုန်ပစ္စည်း ထုတ်လုပ်ခြင်းကို ကြီးကြပ်ကွပ်ကဲရန်နှင့် ကြိတ်ခွဲခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ရောင်းဝယ်ခြင်းလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ၍ စီမံခန့်ခွဲရန်၊
  - ၁၉၄၆ ခုနှစ်တွင် ဆန်တန်ချိန် ၄၁၃,၀၀၀ ကို ဝယ်ယူရန်အတွက် အဝယ်တော်ကိုယ်စားလှယ် (Agencies) အလိုက် ခွဲဝေရာတွင် နိုင်ငံခြားသားပိုင် ကုမ္ပဏီများကိုသာ ဦးစားပေးခွဲဝေခဲ့၍ မြန်မာတိုင်းရင်းသားများက မကျေမနပ် ဖြစ်၍ သတင်းစာများ၊ လူမှုအဖွဲ့အစည်းများမှတစ်ဆင့် ဝေဖန်ပြစ်တင်ခဲ့၊
  - အဖွဲ့ဥက္ကဋ္ဌဖြစ်သူ မစ္စတာအက်ဒီအိုဒယ် ရာထူးမှ နုတ်ထွက်သွားသဖြင့် APB အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ရ။

- APB အဖွဲ့သစ်၏ လုပ်ငန်းတာဝန်များ
    - ကိုယ်စားလှယ်များခန့်ထားရာတွင် ငွေအင်အားနည်းသော စီးပွားရေးအဖွဲ့များ လုပ်ကိုင် နိုင်အောင် စီစဉ်ရန်၊
    - မြန်မာတိုင်းရင်းသားများ ပါဝင်သော စီးပွားရေးအဖွဲ့များကို ဦးစားပေး၍ ကိုယ်စားလှယ် အဖြစ် ခန့်ထားရန်၊
    - မြန်မာတိုင်းရင်းသားအဖွဲ့များကို ခန့်ထားပြီးနောက် ကျန်ရှိသောလုပ်ငန်းများအတွက်သာ နိုင်ငံခြားသား အဖွဲ့အစည်းများကို ခန့်ထားရန်။
- ဆန်စပါးအဝယ်တော်ကိုယ်စားလှယ်များ( Paddy Rice Procurement Agencies)
    - အဝယ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်များမှာ APB အဖွဲ့၏ညွှန်ကြားချက်နှင့် အညီ စပါးများ ဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ ဆန်တင်ပို့ရန်ဖြစ်၊
    - အဝယ်ကိုယ်စားလှယ်များသည် မိမိတို့တာဝန်ယူရသော ဇုန်နယ်မြေအတွင်း၌ ဆန်စပါး ထွက်ရှိမှု အခြေအနေ၊ စားသုံးသူ အခြေအနေ၊ စပါးဈေးနှုန်း၊ ဆန်ဈေးနှုန်း၊ ဆန်စပါး ရောင်းဝယ်မှုနှင့်ပတ်သက်၍ အခါအားလျော်စွာ ဖြစ်ပေါ်သော အခြေအနေ များနှင့် ကုန်ပစ္စည်း လက်ကျန်ရှင်းတမ်း၊ ငွေစာရင်းရှင်းတမ်းများကို APB အဖွဲ့သို့ ပေးပို့ရ၊
    - အဝယ်တော်ကိုယ်စားလှယ်များသည် လစာစနစ်ဖြင့် ခံစားခြင်းမရှိပဲ လယ်ယာ စိုက်ပျိုးရေးစီမံကိန်းအဖွဲ့က ခွင့်ပြုသတ်မှတ်သည့် ကော်မရှင်နှုန်းထားများအရ ခံစားခွင့်ရှိ။

- လန်ဒန် ဆန်ပွဲစားများအသင်း (London Rice Broker Association)
  - ဘူလင်ဂျာပူးလ်သည် လန်ဒန်ပွဲစားများအသင်းမှတဆင့် ဥရောပဆန်ဈေးကွက်ကို ထိန်းထားခဲ့ပြီး၊ လက်ဝါးကြီးအုပ်ထားနိုင်သည့် အဆင့်ရှိ။
- မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း (၁၉၂၁-၁၉၄၀)
  - မြန်မာ၊ အိန္ဒိယ၊ တရုတ်လူမျိုး ဆန်စက်ပိုင်ရှင်များနှင့် အိန္ဒိယဆန်ကုန်သည်ကြီးများ အသင်းသားအဖြစ်ပါဝင်၊
  - ဥရောပသား ဆန်ရောင်းဝယ်ရေးကုမ္ပဏီကြီးများနှင့် ဆန်စက်ပိုင်ရှင်များ မပါဝင်။
- ရန်ကုန် ဆန်ပွဲစားများအသင်း
  - မော်ရစ်ဆန်ကုမ္ပဏီ(Morrisson Company) နှင့် အိန္ဒိယလူမျိုး ဆန်ပွဲစား ၁၅ ဦးခန့် စုပေါင်းဖွဲ့စည်းထားသောအသင်းဖြစ်၊
  - ဥရောပဆန်ကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းဝင်များထဲမှဖြစ်စေ၊ အသင်းဝင်မဟုတ်သော အခြားကုန်သည်များထဲမှဖြစ်စေ၊ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ဝယ်ယူရာတွင် ရန်ကုန်ဆန်ပွဲစားအသင်းဝင် ဆန်ပွဲစားများအား အဝယ်တော်အဖြစ် ဆောင်ရွက်စေ၊
  - ဆန်နှင့်ဆန်ထွက်ပစ္စည်း အရည်အသွေး Specification နှင့်စပ်လျဉ်း၍ ရောင်းသူ/ဝယ်သူ အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း၊ ပြည်ပသို့ တင်ပို့သော ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို စစ်ဆေးခြင်းနှင့် အလေးချိန်၊ အရေအတွက်၊ အမျိုးအစားတို့ကို ဖော်ပြသော ကုန်ပစ္စည်း စစ်ဆေးသည့် လက်မှတ် (Survey Certificates) ကို အသင်းသား တစ်ဦးချင်းစီဖြစ်စေ၊ အသင်းကို ဖြစ်စေ ထုတ်ပေးခြင်းတို့ဆောင်ရွက်။

- နိုင်ငံတော်ကောက်ပဲသီးနှံဝယ်ယူရေးအဖွဲ့ (SAMB)
  - ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် မြန်မာလယ်ယာထွက်ကုန်များ စီမံကွပ်ကဲခြင်း၊ ရောင်းဝယ်ဖောက်ကားမှုနှင့် ကြိတ်ခွဲမွမ်းမံမှုလုပ်ငန်းတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်း၊
  - ၁၉၄၅ ခုနှစ်က ဖွဲ့စည်းခဲ့သည့် လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၊
  - ၁၉၅၀ ခုနှစ်တွင် "နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့အက်ဥပဒေ" ပြဋ္ဌာန်းခဲ့သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနက နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့အား ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်သို့ ၂၅-၄-၁၉၅၂ နေ့တွင် လွှဲပြောင်းပေးခဲ့။

# အပိုင်း(၅)

## လယ်ယာစိုက်ပျိုးစရိတ်အတွက်ဘဏ္ဍာငွေပံ့ပိုးမှု- Agriculture Financing

- ၁၈၈၃ ခုနှစ်၊ မြေယာဖွံ့ဖြိုးရေးအမတော်ဥပဒေ (Land Improvement Loans Act 1883)၊
- ၁၈၈၄ ခုနှစ် လယ်ယာစိုက်ပျိုးရေးအမတော်ဥပဒေ (The Agriculturist Loans Act 1884)၊
- အချို့အရပ်ဒေသများတွင်သမဝါယမအသင်းများကထုတ်ချေးမှု၊
- မြစ်ဝကျွန်းပေါ်ဒေသတွင် ဒေါ်ဆင်ဘဏ်ကလည်း ငွေထုတ်ချေး၊
- အစိုးရ အစီအစဉ်ဖြင့်ပေးသောချေးငွေများဖြင့် မလုံလောက်၍ တောင်သူလယ်သမားများသည် ပုဂ္ဂလိက ငွေချေးသူ မြန်မာ၊ တရုတ်နှင့် ကုလားလူမျိုးတို့ထံမှ ငွေချေးငှားမှုများရှိ၊
- အထူးသဖြင့် မြန်မာလယ်လုပ်စရိတ်ချေးငွေ စုစုပေါင်း၏ ထက်ဝက်ကျော်ကို ချစ်တီးများက ထုတ်ချေးခဲ့၊
- စစ်တွေခရိုင်တွင် ရခိုင်အမျိုးသားအစုစပ် ဘဏ်ပေါင်း (၇) ခုကလည်း ငွေများချေးငှား။

## မြေယာဖွံ့ဖြိုးရေး အက်ဥပဒေ (၁၈၈၃) အရ အမတော်ငွေထုတ်ချေးမှုအခြေအနေ

ကျပ်ထောင်ပေါင်း

| စဉ် | ခုနှစ် | ချေးငွေပမာဏ |
|---|---|---|
| ၁ | ၁၉၀၄-၁၉၀၅ | ၂ |
| ၂ | ၁၉၀၅-၁၉၀၆ | ၄ |
| ၃ | ၁၉၁၀-၁၉၁၁ | ၁၀ |
| ၄ | ၁၉၁၅-၁၉၁၆ | ၅ |
| ၅ | ၁၉၁၆-၁၉၁၇ | ၁၅ |
| ၆ | ၁၉၁၇-၁၉၁၈ | ၁၃ |
| ၇ | ၁၉၁၈-၁၉၁၉ | ၇ |
| ၈ | ၁၉၁၉-၁၉၂၀ | ၄ |
| ၉ | ၁၉၂၀-၁၉၂၁ | ၃၈ |
| ၁၀ | ၁၉၂၁-၁၉၂၂ | ၂၆ |
| ၁၁ | ၁၉၂၂-၁၉၂၃ | ၆၀ |
| ၁၂ | ၁၉၂၃-၁၉၂၄ | ၂၄၆ |
| ၁၃ | ၁၉၂၄-၁၉၂၅ | ၂၁ |
| ၁၄ | ၁၉၃၀-၁၉၃၁ | ၆ |

# မြေယာဖွံ့ဖြိုးရေး အက်ဥပဒေ(၁၈၈၃)အရ အမတော်ငွေထုတ်ချေးမှုအခြေအနေ

ကျပ်ထောင်ပေါင်း

| စဉ် | ခုနှစ် | ချေးငွေပမာဏ |
|---|---|---|
| ၁၅ | ၁၉၃၁-၁၉၃၂ | ၁၁ |
| ၁၆ | ၁၉၃၂-၁၉၃၃ | ၂ |
| ၁၇ | ၁၉၃၃-၁၉၃၄ | ၂ |
| ၁၈ | ၁၉၃၄-၁၉၃၅ | ၁ |
| ၁၉ | ၁၉၃၅-၁၉၃၆ | ၅ |
| ၂၀ | ၁၉၃၆-၁၉၃၇ | - |
| ၂၁ | ၁၉၃၇-၁၉၃၈ | ၂ |
| ၂၂ | ၁၉၃၈-၁၉၃၉ | ၂ |

- လယ်ယာဖွံ့ဖြိုးရေးအမတော်ဥပဒေအရ ချေးငွေထုတ်ပေးခဲ့ခြင်းမှာ ရေလွှမ်းမိုးသော ဒေသများတွင် ဆည်ဖို့ခြင်း၊ ရေနုတ်မြောင်းတူးခြင်း စသည့်လယ်ယာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဖြစ်ပြီး နှစ်ရှည်ချေးငွေဖြစ်၍ ချေးငွေကာလမှာ (၃၅)နှစ်ဖြစ်၊
- အတိုးနှုန်းမှာ ၁၀% သတ်မှတ်ထားသော်လည်း ၁၉၂၆ ခုနှစ်အထိတိုင်အောင် ၆ ဒသမ ၂၅ ရာခိုင်နှုန်းအတိုးသာ ပေးရ၊

# စိုက်ပျိုးရေးအမတော်ဥပဒေအရ ငွေထုတ်ချေးမှုပြဇယား

(ကျပ်ထောင်ပေါင်း)

| စဉ် | ခုနှစ် | ချေးငွေပမာဏ |
|---|---|---|
| ၁ | ၁၉၀၀-၁၉၀၁ | ၁၁၁ |
| ၂ | ၁၉၀၅-၁၉၀၆ | ၆၇၆ |
| ၃ | ၁၉၁၀-၁၉၁၁ | ၉၁၈ |
| ၄ | ၁၉၁၅-၁၉၁၆ | ၁၂၉၉ |
| ၅ | ၁၉၁၆-၁၉၁၇ | ၁၂၅၅ |
| ၆ | ၁၉၁၇-၁၉၁၈ | ၉၂၄ |
| ၇ | ၁၉၁၈-၁၉၁၉ | ၁၂၈၃ |
| ၈ | ၁၉၁၉-၁၉၂၀ | ၁၁၉၁ |
| ၉ | ၁၉၂၀-၁၉၂၁ | ၃၁၆၁ |
| ၁၀ | ၁၉၂၁-၁၉၂၂ | ၁၄၈၇၇ |
| ၁၁ | ၁၉၂၂-၁၉၂၃ | ၁၅၂၁ |
| ၁၂ | ၁၉၂၃-၁၉၂၄ | ၂၂၀၆ |
| ၁၃ | ၁၉၂၄-၁၉၂၅ | ၂၄၂၂ |
| ၁၄ | ၁၉၃၀-၁၉၃၁ | ၉၅၅ |
| ၁၅ | ၁၉၃၁-၁၉၃၂ | ၄၅၉၂ |
| ၁၆ | ၁၉၃၂-၁၉၃၃ | ၁၅၉၄ |
| ၁၇ | ၁၉၃၃-၁၉၃၄ | ၈၅၄ |
| ၁၈ | ၁၉၃၄-၁၉၃၅ | ၃၉၄ |
| ၁၉ | ၁၉၃၅-၁၉၃၆ | ၃၆၀ |
| ၂၀ | ၁၉၃၆-၁၉၃၇ | ၄၈၀ |

- လယ်ယာမြေပိုင်ဆိုင်သူများအပြင် လယ်ယာလုပ်ကိုင်သူများအနေဖြင့် လိုအပ်သည့် မျိုးစပါးနှင့် ကျွဲ/နွားများ ဝယ်ယူရန်နှင့် အခြားစိုက်ပျိုးရေးလုပ်ငန်းများတွင် သုံးစွဲရန်အတွက် ချေးငှားနိုင်၊
- အတိုးနှုန်းသက်သာ၍ ချေးငွေကို (၂)နှစ်၊ (၃)နှစ်အတွင်း အတိုးနှင့်တကွ အရစ်ကျ ပြန်ဆပ်ခွင့်ရှိ၊
- အခြားပုဂ္ဂလိကမှ ချေးငွေများထက် အတိုးနှုန်း ၁၀ ရာခိုင်နှုန်းခန့် သက်သာမှုရှိ၊
- လုပ်ထုံးလုပ်နည်းများပြားခြင်း၊ ချေးငွေစည်းကမ်း တင်းကြပ်လွန်းခြင်း၊
- အစိုးရအမတော်ကြေးရယူထားသူများကို ပုဂ္ဂလိကငွေချေးသူများက ထပ်မံငွေချေးခြင်းမပြုကြ သောကြောင့် လယ်သမားများအနေဖြင့် အစိုးရထံမှလည်း လုံလောက်စွာ မရသည့်အပြင် အခြားမှလည်း ထပ်မံချေး၍ မရသည့်အတွက် အခက်အခဲများစွာဖြင့် ရင်ဆိုင်ခဲ့ကြရ။

## ချစ်တီးချေးငွေလုပ်ငန်း

- ၁၈၅၂ ခုနှစ်တွင် ရန်ကုန်သို့ ရောက်ရှိလာကြကာ ငွေချေးလုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့၊
- ၁၈၉၀ ခုနှစ်မှ ၁၈၉၄ ခုနှစ်အတွင်း မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာနှင့် ရွှေဘိုမြို့များတွင် ချစ်တီးချေးငွေဆိုင်များ အသီးသီးဖွင့်လှစ်ခဲ့ကြ၊
- ၁၉၃၀ ခုနှစ်တွင်မူ မြန်မာတစ်နိုင်ငံလုံး ချစ်တီးငွေချေးလုပ်ငန်းနှင့် လုပ်ငန်းခွဲပေါင်း များစွာ ဖွင့်လှစ်ဆောင်ရွက်ခဲ့၊
- နတ္တုကောတိုင်း (Nattukautai) အသင်းသည် ရန်ကုန်နှင့်အခြားဒေသများတွင် ချေးငွေဌာနပေါင်း (၁၃၀၀)နီးပါး ဖွင့်လှစ်လုပ်ဆောင်ခဲ့၊
- ချစ်တီးနှင့်တမီးလ်လူမျိုးများအပါအဝင် ငွေချေးလုပ်ငန်းများသည် ရန်ကုန်မြို့ အပါအဝင် မြို့ (၂၁၇)မြို့တွင် ဖွင့်လှစ်ခဲ့ပြီး အောက်မြန်မာပြည် (၁၅၅)မြို့၊ အထက်မြန်မာပြည် (၅၅)မြို့နှင့် ရှမ်းပြည်နယ် (၇)မြို့တို့တွင် ချေးငွေလုပ်ငန်း လုပ်ဆောင်ခဲ့၊
- အဆိုပါ ချေးငွေလုပ်ငန်းများမှ ၁၉၃၀ ပြည့်နှစ်တွင် ထုတ်ချေးထားသော ငွေပမာဏမှာ ကျပ် (၇၅) ကုဋေခန့် ရှိနိုင်ပြီး ၁၉၄၀ တွင် စုစုပေါင်းထုတ်ချေးငွေမှာ ကျပ် ကုဋေ (၈၀) မှ (၁၀၀) ကျော်နီးပါးအထိ ရှိခဲ့၊



- အတိုးနှုန်းမှာ ငွေကျပ် (၁၀၀) လျှင် တစ်နှစ်အတိုးငွေ (၁၅) ကျပ်မှ (၃၆) ကျပ်အထိဖြစ်စေ၊ ထိုထက်ပို၍ဖြစ်စေ အတိုးယူချေး၊
- ၎င်းတို့ လိုအပ်သောငွေကြေးကို အိန္ဒိယမှ သယ်ယူလာသည့်အပြင် ရန်ကုန်မြို့ရှိ ဥရောပတိုက်သားပိုင်ဘဏ်များမှ တစ်နှစ်လျှင် ငွေ (၁၀၀) ကျပ်လျှင် (၁၀) ကျပ်မှ (၁၂) ကျပ်အထိ အတိုးပေး၍ ချေးယူ၊
- မြန်မာလယ်သမားများမှာမူ ကြွေးတင်မှုကြောင့် လယ်ယာများကို လယ်မလုပ်သူများ ထံအကြွေးဖြင့် အပ်နှံရသည့်အခြေအနေသို့ ရောက်ရှိခဲ့၊
- တောင်သူလယ်သမားများ၏ စားဝတ်နေရေးများ ကျပ်တည်းလာခဲ့ပြီး ၁၉၃၀ ပြည့်နှစ်မှ ၁၉၃၂ ခုနှစ်အထိ သာယာဝတီခရိုင်တွင် ဆရာစံခေါင်းဆောင်သော တောင်သူလယ်သမားများ အုံကြွတော်လှန်ပုန်ကန်မှု ဖြစ်ခဲ့။

## တောင်သူလယ်သမား ကြီးပွားတိုးတက်ရေးရန်ပုံငွေ

- ကိုလိုနီခေတ်တွင် တစ်ပြည်လုံးအတိုင်းအတာနှင့် တောင်သူလယ်သမားများ၏ လယ်ယာ အသုံး စရိတ် လိုအပ်ငွေပမာဏမှာ ပျမ်းမျှအားဖြင့် ကျပ်သန်း (၅၀၀) မှ (၆၀၀) အတွင်းရှိပြီး အစိုးရမှ နှစ်စဉ်ချေးသည့် အမတော်ငွေမှာ (၃) သန်းဝန်းကျင်သာ ရှိ၊
- တောင်သူလယ်သမားကြီးပွားတိုးတက်ရေးရန်ပုံငွေဟူသော (၃၅) နှစ်အတွင်း ပြန်ဆပ်နိုင်သည့် အစိုးရထောက်ပံ့မှု အစီအစဉ်ရှိသော်လည်း လူသိနည်းခြင်း၊ ချေးငွေရရှိရန် စုံစမ်းစစ်ဆေးမှုမှာ ကြာမြင့်လွန်းသည့်အပြင် နှစ်စဉ်ချေးငွေပမာဏမှာလည်း ကျပ် (၂၀၀၀) ခန့်သာ ရှိခဲ့၍ ထိရောက်မှု မရှိခဲ့။

# အပိုင်း (၆)

# ဆန်အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း

## ဆန်အကဲဖြတ်အဖွဲ့ဖွဲ့စည်းခြင်း

- ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးစီမံကိန်း အဖွဲ့ (APB) ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့၊

- APB က ပြည်ပသို့ဆန်တင်ပို့ရောင်းချမှုနှင့်ပတ်သက်၍ သုံးသပ်ခဲ့ရာ အားနည်းချက်များကို တွေ့ရှိခဲ့ -

  - ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးစအချိန်အခါတွင်၊ ဆန်စားသုံးရန် မဖူလုံသောနိုင်ငံများတွင် ရိက္ခာ ပြဿနာများ ပေါ်ပေါက်လျက်ရှိခြင်းကြောင့် အမြန်ဆုံးဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံထွက်ဆန်များကို အလျင်စလို အလုအယက် ဝယ်ယူခြင်း၊

  - ထိုအချိန်အခါတွင် ဆန်၊ စပါး ရောင်းဝယ်မှုလုပ်ငန်းများအတွက် လိုအပ်သော ကျွမ်းကျင်သည့် ဝန်ထမ်းများအား အုပ်ချုပ်ရေးအဖွဲ့က ခန့်ထားရန်ဆန္ဒရှိသော်လည်း ကျွမ်းကျင်သည့် ဝန်ထမ်းများ ရှာဖွေရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ရခြင်း၊

  - ကြိတ်ခွဲသော ဆန်အမျိုးအစားများကို ကြိတ်ခွဲရာတွင်သော်လည်းကောင်း၊ သက်ဆိုင်ရာ ဆိပ်ကမ်း မြို့ကြီးများသို့ တင်ပို့ရာတွင်သော်လည်းကောင်း၊ သင်္ဘောတင်ရာတွင်သော်လည်းကောင်း စီမံ ကွပ်ကဲခြင်းများကို တိတိကျကျဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယေဘုယျသဘောအနေဖြင့်သာ ဆောင်ရွက် နိုင်ခြင်းကြောင့် တင်ပို့ရောင်းချခဲ့သော ဆန်များသည် အရေအတွက်အနေဖြင့်သော်လည်းကောင်း၊ အရည်အချင်းအနေဖြင့် သော်လည်းကောင်း မှန်ကန်မှုရှိရန် ခက်ခဲခြင်း။

- ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဆန်အကဲဖြတ်အဖွဲ့ (Panels of Surveyors) အဖွဲ့များကို ဆန်အဓိကတင်ပို့သည့် ဆိပ်ကမ်းအလိုက် အောက်ပါအတိုင်း ဖွဲ့စည်းခန့်ထားခဲ့ပါသည်-
  - ရန်ကုန်ဆိပ်ကမ်းအတွက်  Mr. R. D Sacklat ပါဝင်သည့် (၁၂)ဦးအဖွဲ့
  - ပုသိမ်ဆိပ်ကမ်းအတွက် U Aw Loo ပါဝင်သည့် (၃) ဦးအဖွဲ့
  - မော်လမြိုင်ဆိပ်ကမ်းအတွက် ဦးရင်စောအပါအဝင် (၃) ဦးအဖွဲ့
  - စစ်တွေဆိပ်ကမ်းအတွက် ဦးကျော်ဇံလှအပါအဝင် (၃) ဦးအဖွဲ့

## ဆန်အရည်အချင်းသတ်မှတ်ချက်များနှင့်ဖြတ်တောက်နှုန်းများသတ်မှတ်ခြင်း

- လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့ APB သည်  ဆန်အမျိုးအစားအလိုက် အရည်အသွေး သတ်မှတ်ချက် (Specification)နှင့် အရည်အသွေးမမီပါက ဖြတ်တောက်နှုန်းထားများကို သတ်မှတ်-
  - ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ငစိန်စက်ကလေး အထူးဆန်(တန်းနိမ့်ဆန် အမျိုးအစား)၊ ညော့်မထ စက်ကလေးအထူးဆန်၊ မီးဒုံးဈေးဆန် (တန်းနိမ့်)၊ မီချာပြုတ်ဆန်၊ လုံးသွယ်ပြုတ်ဆန်၊ ဆန်ဖြူ၊ ပြုတ်ဖွဲနုများ၊ စပါးတို့အတွက် အရည်အသွေးနှင့် ဖြတ်တောက်နှုန်းထား သတ်မှတ်ခြင်း၊
  - ၁၉၄၇ ခု၊ မတ်လ ၁၈ ရက်နေ့တွင် ထိခိုက်အပျက်အစီး (Damage) နှင့်ပတ်သက်၍ ပါဝင်ခွင့်နှင့်ဖြတ်တောက်နှုန်းထား၊ မီးဒုံးဆန်အတွက်  Foreign Grains များ ပါဝင်ခွင့်နှင့် ဖြတ်တောက်နှုန်းထား၊ ဆူဂန္ဓီ၊ ညော့်မထဆန်အမျိုးအစားအတွက်  Foreign Grains ပါဝင်ခွင့်နှင့်ဖြတ်တောက်နှုန်းထားများအပါအဝင် ပြင်ဆင်သတ်မှတ်ခြင်း၊

- ၁၉၄၇ ခု၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ငစိန်စက်ကလေး အထူးဆန် (တန်းနိမ့်ဆန် အမျိုးအစား)၊ ညှော့မထ စက်ကလေးအထူးဆန်၊ မီးဒုံးဈေးဆန် (တန်းနိမ့်)၊ မီချာပြုတ်ဆန်၊ လုံးသွယ်ပြုတ်ဆန်၊ ဆန်ဖြူ၊ ပြုတ်ဖွဲနုများ၊ စပါးတို့အတွက် အရည်အသွေးနှင့် ဖြတ်တောက်နှုန်းထား သတ်မှတ်ခြင်း၊
- ၁၉၄၇ ခု၊ မတ်လ ၁၈ ရက်နေ့တွင် ထိခိုက်အပျက်အစီး (Damage) နှင့်ပတ်သက်၍ ပါဝင်ခွင့်နှင့်ဖြတ်တောက်နှုန်းထား၊ မီးဒုံးဆန်အတွက် Foreign Grains များ ပါဝင်ခွင့်နှင့် ဖြတ်တောက်နှုန်းထား၊ ဆူဂန္ဓီ၊ ညှော့မထဆန်အမျိုးအစားအတွက် Foreign Grains ပါဝင်ခွင့်နှင့် ဖြတ်တောက်နှုန်းထားများအပါအဝင် ပြင်ဆင်သတ်မှတ်ခြင်း၊
- ၁၉၄၇ ခု၊ ဧပြီလ (၂) ရက်နေ့တွင် ဆန်အမျိုးအစားအားလုံးအပေါ် ဖြတ်တောက်နှုန်းထား များကို ပြင်ဆင်သတ်မှတ်ခြင်း၊

## အရည်အသွေးပြဿနာများ

- လယ်ယာစိုက်ပျိုးရေးစီမံကိန်းအဖွဲ့သည် အောက်ဖော်ပြပါ ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပါသည်-
  - အိန္ဒိယ၊ မလေးရှား၊ သီဟိုဠ်၊ နယ်သာလန် အစရှိသော နိုင်ငံများက ၎င်းတို့နိုင်ငံသို့ တင်ပို့သောဆန်များ၏ အရေအတွက် လျော့နည်းခြင်းကိစ္စ၊

- ဆန်များကို သင်္ဘောတင်ရာတွင် ချိန်တွယ်ခြင်းမပြုဘဲ မူလကြိုတ်ခွဲစဉ်က ချိန်တွယ် ခဲ့ပြီးသော ပေါင် (၁၆၀) ကို အခြေခံသောစနစ်ဖြင့် ရေတွက်ခြင်း ပြုလုပ်သဖြင့် ဆန်တစ်အိတ် ပျမ်းမျှ ပေါင် (၂၀) မှ (၃၀)အတွင်း လျော့နည်းကြောင်း သင်္ဘောကုမ္ပဏီ များကတွေ့ရှိခြင်း၊
- သင်္ဘောလိုင်းကိုယ်စားလှယ်များက Bill of Lading (BL) ထုတ်ပေးရမည့်ကိစ္စတွင် APB အဖွဲ့၏ Letter of Guarantee ထုတ်ပေးမှသာ ၎င်းတို့၏ BL ထုတ်ပေးမည်ဟု ဆိုခြင်း။

- APB သည် မြန်မာ့ဆန်အရည်အသွေးကို သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းကသာ သတ်မှတ်ပိုင်ခွင့်နှင့် အရည်အသွေး အငြင်းပွားမှု ဖြစ်ပေါ်ပါကလည်း မြန်မာနိုင်ငံက သတ်မှတ်ပြဋ္ဌာန်းသည့်အတိုင်း ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့် ရရှိရေးကို ကြိုးပမ်းခဲ့သည့်အခြေအနေ တွေ့ရ။

# အပိုင်း (၇)
# ဆန်စပါးဈေးကွက်တွင် အစိုးရ၏ဝင်ရောက်ဆောင်ရွက်မှုများ
# (Government Intervention)

- ဘူလင်ဂျာပူးလ်အဖွဲ့၏ ဈေးကွက်ခြယ်လှယ်မှုအား စုံစမ်းစစ်ဆေးခြင်း
  - မြန်မာနိုင်ငံတွင် ဆန်စပါးဈေးနှုန်းများကို ဘူလင်ဂျာပူးလ်အဖွဲ့က ခြယ်လှယ်နေ၍ ဆန်စပါးဈေးနှုန်း ကျဆင်းနေရသည်ဟု စွပ်စွဲမှုရှိခဲ့သဖြင့် ၁၉၂၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ဥပဒေပြုကောင်စီ မြန်မာနိုင်ငံတောင်ပိုင်း အမတ်ဦးပုက စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့၍ အမြန်ဆုံးစစ်ဆေး တင်ပြစေရန် အဆိုပြု၊
  - စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဘူလင်ဂျာပူးလ်အဖွဲ့က လေးစားမှုမရှိသည့်အပြင် ထောက်ခံသော ငွေစာရင်းများ၊ အချက်အလက်များပေးရန် ငြင်းဆန်ခဲ့၍ ကော်မတီ၏ ကြားဖြတ်အစီရင်ခံစာတွင် အဖွဲ့များက သီးခြားသဘောထားများ တင်ပြခဲ့သည့် အဓိကသဘောထားလွဲ။
  - အဓိကထောက်ပြသောအချက်များ-
    - ဈေးကောင်းရသည့်ဥရောပဈေးကွက်ကို စက်ကလေးပိုင်ရှင်များ မဝင်ရောက်နိုင်ရန် တားဆီးထား၊
    - မြန်မာ့စက်ကလေးပိုင်ရှင်များက ဥရောပဈေးကွက် တိုက်ရိုက်ချိတ်ဆက်ရောင်းနိုင်ရန် ကြိုးပမ်းခဲ့လျှင်လည်း သင်္ဘောတင်၍ မရအောင် နည်းလမ်းမျိုးစုံဖြင့်တားဆီး၊
    - နေ့စဉ် ရန်ကုန်ဆန်စပါးဈေးနှုန်းကို ဘူလင်ဂျာပူးလ်က သတ်မှတ်ထားသည့်အတိုင်းသာ ရောင်းဝယ်ရ။

- သာယာဝတီဦးပုက သီးခြားသဘောအမြင် ( Minute of Dissent) ဖြင့်တင်ပြခဲ့သည့် ကန့်ကွက်ချက်မှ ကောက်နုတ်ချက်-

  > "ဤကော်မတီ ဖွဲ့စည်းခြင်းအတွက် ကျွန်ုပ်တွင် တာဝန်ရှိသော်လည်း ကျွန်ုပ်အနေနှင့် တိုင်းသူပြည်သားများ၏ စီးပွားပျက်မှုများနှင့်ပတ်သက်၍ ဘူလင်ဂျာပူးလ်တွင် တာဝန်မရှိပါ ဆိုသော အချက်ကို သေချာစေလိုသောကြောင့် ဖြစ်သည်။ ကော်မတီ၏ စစ်ဆေးမှုအရ ကျွန်ုပ်တို့၏ သံသယများသည် မှန်ကန်နေပေပြီ။ ဘူလင်ဂျာပူးလ်သည် အလွန်ဩဇာအာဏာ ရှိသည်။ သူလုပ်ချင်သလို တိုင်းပြည်ကို ခြယ်လှယ်သည်။ စပါးဈေးများကို လျှော့ချသည်။ ပြိုင်ဘက်ကုန်သည်များကိုဖိနှိပ်ရန် ဆန်ကို အရှုံးခံ၍ ရောင်းသည်။ ဆုံးရှုံးမှုကို ဥရောပဈေးကွက်သို့ ရောင်း၍ ရသောအမြတ်နှင့် ဖြည့်စွက်သည်။ ဘူလင်ဂျာပူးလ်သည် ဆန်စပါးဈေးကွက်ကို ချုပ်ကိုင်နိုင်သော အာဏာမရှိဟု ဆိုသော်လည်း သူ့တွင် စပါးဝယ်ရာတွင် ဈေးလျှော့ပေးရန် လုပ်နိုင်သကဲ့သို့ ဆန်ရောင်းရာတွင် ဈေးပိုရအောင်လည်း လုပ်နိုင်သည်။ ဤသို့ဖြင့် နေ့စဉ် အရောင်းအဝယ်ပြုနေသော ဆန်ဈေးကွက်ကို စိုးမိုးထားသည်။ ဘူလင်ဂျာပူးလ်ကို စွပ်စွဲထားသော အချက်များသည် အလွန်အရေးကြီးသော်လည်း ဘူလင်ဂျာပူးလ်အနေနှင့် ယင်းစွပ်စွဲချက်များကို ကာကွယ်ရန် ကြိုးစားအားထုတ်ခြင်း မပြုချေ။ **အမှန်ကိုဖော်ပြရလျှင် ဘူလင်ဂျာပူးလ်သည် အစိုးရက ခန့်အပ်ထားသောကော်မတီနှင့် ဆက်ဆံရာတွင် ထားရှိသင့်သော လေးစားမှုမျိုးပင် မရှိခဲ့ချေ။ ဤကဲ့သို့ ပြုမူသူများသည် နိုင်ငံကို အုပ်ချုပ်သောလူမျိုးများ ဖြစ်နေသောအခါ အခြေအနေပိုဆိုးသည်။ သူတို့သည် အုပ်ချုပ်သောလူမျိုးများ မဟုတ်ပါက ပြည်ပတင်ပို့ရန် ကြိတ်ခွဲထားသော ဆန်များမှ ရန်ကုန်၌ မည်မျှရောင်းလိုက်သည်။ ထိုနောက် ရန်ကုန်မှာပင် မည်မျှထပ်ဝယ်သည် ဆိုသောစာရင်းကို ပေးရန် ငြင်းဆိုမည် မဟုတ်ပေ။"**

## ပြည်ပဆန်ကုန်သွယ်မှုစုံစမ်းရေးကော်မတီ (Rice Export Trade Enquiry Commette)

- ၁၉၃၆ ခုနှစ်၊ ဩဂုတ်လတွင် လယ်ယာသစ်တောဝန်ကြီးဦးဘဖေ ဥက္ကဋ္ဌအဖြစ်ဦးဆောင်သော အဖွဲ့ဝင် (၁၃)ဦးပါ ပြည်ပဆန်ကုန်သွယ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးခဲ့။
- အဖွဲ့က ဆန်ကုန်သွယ်ရေးအကြံပေးကော်မတီ (Rice Trade Advisory) တစ်ရပ် အမြဲတမ်းဖွဲ့စည်းတာဝန်ပေးအပ်ရန် အကြံပြုခဲ့။

# အပိုင်း(၈)

# ရန်ကုန်မြို့လူဦးရေနှင့် လူတန်းစားအလိုက် အလုပ်အကိုင်အခွင့်အလမ်းအခြေအနေ

- မြန်မာနိုင်ငံသည် အိန္ဒိယအစိုးရ၏ လက်အောက်ခံဖြစ်၍ အိန္ဒိယလူမျိုးများ ရွှေ့ပြောင်းနေထိုင်မှုကို တစုံတရာစစ်ဆေးမှု မပြုသည့်အပြင် ရေရှည်အခြေချနေထိုင်မည့်သူများကို အားပေးခဲ့၊
- ၁၉၂၀ ခုနှစ် နှောင်းပိုင်းကာလတွင် ရန်ကုန်သည် အမေရိကန်နိုင်ငံ၊ နယူးယောက်ဆိပ်ကမ်းမြို့ ထက်ကျော်၍ ကမ္ဘာ့အကြီးဆုံးလူဝင်မှုဆိပ်ကမ်းအဖြစ် သတ်မှတ်ခံခဲ့ရ၊
- ရန်ကုန်မြို့အား အိန္ဒိယမြို့တော်ဟု ခေါ်ဆိုရမည့်အခြေအနေရောက်ရှိခဲ့၊
- ၁၉၄၁ လူဦးရေစာရင်းအရ ရန်ကုန်တွင် လူဦးရေ ၅၀၀,၀၀၀ ရှိရာ သုံးပုံနှစ်ပုံသည် ဗြိတိသျှနှင့် အိန္ဒိယနွယ်ဖွားများဖြစ်၊
- ရဲတပ်ဖွဲ့၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ စာရင်းကိုင်လုပ်ငန်းများတွင် အိန္ဒိယလူမျိုးများကြီးစိုး၊
- ဘင်္ဂလားနယ်မှကျောင်းဆရာ၊ ဂူဂျာရတ်ပြည်နယ်မှ ဘဏ်လုပ်ငန်းရှင်၊ ပန်ချာပီ ရဲ၊ တမီးလ်ကုန်သည်များက ကြီးစိုး၊
- J.S Furnivall က Plural Society ဟုတင်စား။


Rangoon (Yangon)
1935

# အပိုင်း(၉)
# သင်ခန်းစာများ

- **ကိုလိုနီခေတ် လယ်ယာစိုက်ပျိုးမြေများ တိုးချဲ့ခြင်း**
  - ဗြိတိသျှအစိုးရက မြန်မာ့ဘုရင်နယ်မြေမှ လယ်ယာလုပ်သားများကို ပြောင်းရွှေ့ခေါ်ယူသော အစီအမံသည် စီးပွားရေးနှင့်စစ်ရေးအမြင်ဖြင့် ဆောင်ရွက်ခဲ့၊
  - အိန္ဒိယမှ အမျိုးသားများကို ဦးရေသန်းချီ၍ ခေါ်ယူခဲ့ခြင်းမှာလည်း နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးမျှော်မှန်းချက်များဖြင့် ဆောင်ရွက်ခဲ့၊
  - ကိုလိုနီခေတ်လယ်ယာကဏ္ဍ တိုးတက်မှုသည် စိုက်ပျိုးရေးဧက တိုးတက်ရေးကိုသာ ဦးတည်၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ထူထောင်ခဲ့သည်ကိုမတွေ့ရ။
  - လွတ်လပ်ရေးအကြိုကာလတွင်မှ တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်သည့် ဥပဒေများ၊ အမိန့်များ ထုတ်ပြန်ဆောင်ရွက်ခဲ့သည်။ နောင်တာဝန်ယူမည့် မြန်မာအမျိုးသားအစိုးရ လက်ထက် တွင်မှ ဆောင်ရွက်စေသည့်သဘောတွေ့ရ။
  - မျက်မှောက်ခေတ်တွင်လည်း မြန်မာ့ကျေးလက်တောရွာများမှ လူငယ်လူရွယ်များကို နည်းပေါင်းစုံဖြင့် စည်းရုံးသွေးဆောင်၍ မိမိတို့နှင့် လယ်ယာထွက်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ အပြိုင်တင်ပို့လျက်ရှိသည့် နိုင်ငံများက ခေါ်ယူလျက်ရှိရာ အဆိုပါနိုင်ငံများ၏ စီးပွားရေးနှင့် နိုင်ငံရေး ရည်မှန်းချက်များကို ခန့်မှန်းကြည့်နိုင်ပါသည်။

- ကိုလိုနီခေတ် မြန်မာ့ဆန်စပါးတင်ပို့မှု
  - ဆန်စပါးကုန်သွယ်မှုနှင့်ပြည်ပတင်ပို့မှုအတွင်း အဓိကကျသည့် ရထားလမ်းများ၊ တူးမြောင်းများကို ၁၉၀၅ ခုနှစ်ဝန်းကျင်အထိ ထူထောင်ပေးခဲ့သည်ကိုတွေ့ရ၊
  - ကိုလိုနီခေတ် သက်တမ်းကာလအတွင်း မြန်မာနိုင်ငံမှ ဆန်၊ ကျွန်းသစ်၊ ရေနံ၊ သတ္တုများကို ပြည်ပတင်ပို့ရာတွင် အထောက်အကူဖြစ်စေရန်အတွက်သာ ရည်ရွယ်ခဲ့သည့် သဘောတွေ့ရ၊
  - ရန်ကုန်နှင့်ခေတ်ပြိုင်ဖြစ်သော တိုကျို၊ အိုဆာကာ၊ ရှန်ဟိုင်းမြို့များကဲ့သို့ စက်မှုလုပ်ငန်းများ ထူထောင်မှုမရှိခဲ့သဖြင့် မြန်မာနိုင်ငံမှ သယံဇာတများကို ထုတ်ယူ၍ ၎င်းတို့နိုင်ငံထုတ်ပစ္စည်းများကို တင်သွင်းရောင်းချမည့် ဈေးကွက်အဖြစ်သာ သဘောထားခဲ့၊
  - မျက်မှောက်ခေတ်နှင့် အနာဂတ်တွင်လည်း မိမိနိုင်ငံ၏သယံဇာတနှင့် မဟာဗျူဟာကျမှုကို အသုံးချလိုသည့် အင်အားကြီးနိုင်ငံများ၊ နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ အဝေးပြေးလမ်းများ၊ ရထားလမ်းများ၊ ခေတ်မီဆိပ်ကမ်းများ ထူထောင်ရင်းနှီးလုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိရာ၊ ဗြိတိသျှလက်အောက်ခံဘဝကသင်ခန်းစာများကို ရယူ၍ အမျိုးသား အကျိုးစီးပွားအတွက် မဟာဗျူဟာကျကျ ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

- ကိုလိုနီခေတ် မြန်မာ့ဆန်စပါးအဓိကဦးဆောင်အဖွဲ့အစည်းများ
  - ဆန်စပါးကဏ္ဍအား ဦးဆောင်နိုင်ရန် အဖွဲ့အစည်းအသီးသီးက ကြိုးပမ်းခဲ့ကြောင်းတွေ့ရ၊
  - မြန်မာ့ဆန်စပါးဖွံ့ဖြိုးတိုးတက်မှုကို ဗြိတိသျှအစိုးရနှင့် အိန္ဒိယအစိုးရ ဩဇာခံကုမ္ပဏီများကသာ အကျိုးဖြစ်ထွန်းခဲ့၊
  - မျက်မှောက်ခေတ်နှင့်အနာဂတ်တွင်လည်း ဆန်စပါးကဏ္ဍအတွက် ဦးဆောင်အဖွဲ့အစည်းများကို တာဝန်ပေးထူထောင်ဆောင်ရွက်ရမည်ဖြစ်ရာ Supply Chain အဆင့်ဆင့်ရှိ လူတန်းစားအားလုံး မျှမျှတတအကျိုးရှိစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ (၂) ရပ်အကြား ပူးပေါင်းမှု စနစ်ကျ၍ အားကောင်းရန်လိုအပ်။
- လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် ဘဏ္ဍာငွေပံ့ပိုးမှု
  - လယ်ယာကဏ္ဍ ခေတ်နှင့်အညီ ဖွံ့ဖြိုးရန်၊ ဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေးရှိသည့် ထုတ်ကုန်များထုတ်လုပ်ရန်အတွက် နည်းပညာနှင့် ဘဏ္ဍာငွေပံ့ပိုးမှုများ ခေတ်နှင့်အညီ လိုအပ်နေမည်ဖြစ်၊
  - ထိရောက်သည့် ဘဏ္ဍာငွေပံ့ပိုးမှုကို အစိုးရ၏ အရင်းအမြစ်၊ ပုဂ္ဂလိကအရင်းအမြစ်များသာမက နိုင်ငံတကာမှ ဖွံ့ဖြိုးမှုအကူအညီရယူသည့် နည်းလမ်းများကိုပါ သင့်လျော်သည့် မူဘောင်များချမှတ်၍ ကြံဆရှာဖွေ ဆောင်ရွက်သင့်၊
  - ပုံသဏ္ဍာန်အမျိုးမျိုးသော တရားမဝင်ငွေကြေးလုပ်ငန်းများ၊ ခေတ်သစ်ချစ်တီးများကြောင့် အခြေခံ တောင်သူလယ်သမားများ၏ ဘဝများ မနစ်မွန်းစေရေး ကာကွယ်ကြိုးပမ်းလုပ်ဆောင်ရန်လိုအပ်။

- ဆန်အရည်အသွေးထိန်းသိမ်းမြှင့်တင်ခြင်း
  - အဓိကဆန်တင်ပို့သည့် နိုင်ငံအဖြစ်ရပ်တည်ရန် အမျိုးသားရည်မှန်းချက်ထားရှိ၍ ဆက်လက် ကြိုးပမ်းရာတွင် ဆန်အရည်အသွေးကို နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်က တာဝန်ယူကာ ထိန်းသိမ်းကြပ်မတ်သင့်ပါသည်၊
  - အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းမှုပုံစံဖြင့်ဆောင်ရွက်သင့်ပါသည်၊
  - မိမိနိုင်ငံ၏ ဆန်အရည်အသွေးကိစ္စရပ်ကို နိုင်ငံတကာအရည်အသွေးစစ်ဆေးရေးအဖွဲ့အစည်းများ လက်ဝယ် ထားရှိအပ်ထားခြင်းအစား မိမိနိုင်ငံ၏ အရည်အသွေးအာဏာပိုင်အဖွဲ့အစည်းက ဆုံးဖြတ်သည့် အခြေအနေမျိုးသို့ ရောက်ရှိအောင်ကြိုးပမ်းသင့်ပါသည်။
- အစိုးရ၏ဝင်ရောက်ဆောင်ရွက်မှုများ
  - ဆန်စပါးလုပ်ငန်းသည် မြန်မာနိုင်ငံအတွက်သာမက အရှေ့တောင်အာရှနိုင်ငံများ၏ နေ့စဉ်လူနေမှုဘဝ၊ သမိုင်းအစဉ်အလာယဉ်ကျေးမှုနှင့် ဆက်နွှယ်နေသဖြင့် Rice is Life ဟု တင်စားခေါ်ဆိုကြ၊
  - နိုင်ငံအခြေခံလူတန်းစားများ၏ အသက်မွေးမှုသာမက နိုင်ငံ့အဓိကကျေးရွာရိုးစီးပွားရေးဖြစ်၍ ဆန်စပါးလုပ်ငန်း နယ်ပယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အလိုက်လိုအပ်ချက်နှင့်အညီ အစိုးရ၏ ဝင်ရောက် ဆောင်ရွက်မှုများ မလွဲမသွေလိုအပ်မှာဖြစ်၊
  - လယ်ယာစိုက်ပျိုးရေးဆိုင်ရာမူဝါဒများ၊ ငွေကြေးထောက်ပံ့မှုများ၊ အရည်အသွေးကောင်းမျိုးနှင့် သွင်းအားစု ဆိုင်ရာကိစ္စရပ်များ၊ ခေတ်မီနည်းပညာဆိုင်ရာကိစ္စရပ်များနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအပြင် ပို့ကုန် အရည်အသွေး ထိန်းသိမ်းရေးကိစ္စရပ်များတွင် ပုဂ္ဂလိကကဏ္ဍတစ်ခုတည်းက တာဝန်ယူ၍ ဆောင်ရွက်၍မရနိုင်ဘဲ အစိုးရ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ မလွဲမသွေ လိုအပ်မည်ဖြစ်။

# နိဂုံး

ဗြိတိသျှကိုလိုနီခေတ်တွင် မြန်မာ့ဆန်စပါးလုပ်ငန်းသည် အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်ခဲ့သည်မှာ ငြင်းဖွယ်ရာမရှိပါ။ ထို့ပြင် အဆိုပါဖွံ့ဖြိုးတိုးတက်မှုက နယ်ချဲ့အစိုးရ၏ အုပ်ချုပ်ခံသာမန်မြန်မာပြည်သူများ၊ လယ်သမားများ၊ ပွဲစားများ၊ ဆန်စက်ပိုင်ရှင်များနှင့် ဆန်စပါးလုပ်ငန်းရှင်များအပေါ် စီးပွားရေးနှင့်လူမှုရေးသက်ရောက်မှု (Economic and Social Impact) မည်သို့ရှိခဲ့သည်ကိုလည်း မြန်မာနှင့်ကမ္ဘာ့သမိုင်းဆရာများက လက်လှမ်းမီသ၍ မှတ်တမ်းတင်ခဲ့ကြသည်။ မြန်မာ့ဆန်စပါးလုပ်ငန်း (Rice Industry) ၏ ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိခဲ့သည့်ကာလအတွင်း ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များနှင့် အဓိကဇာတ်ဆောင်များ၏ အခန်းကဏ္ဍ၊ နိုင်ငံခြားသားအုပ်ချုပ်သူများ၊ နိုင်ငံခြားသားများ ကြီးစိုးသည့် စီးပွားရေးအဖွဲ့အစည်း များနှင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ၊ အမျိုးသားရေးလှုပ်ရှားသူများအကြား ပွတ်တိုက်မှုများကို သင်ခန်းစာရယူနိုင်ခြင်းဖြင့် လက်ရှိနှင့်အနာဂတ်အတွက် မြန်မာ့ဆန်စပါးလုပ်ငန်းဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းစဉ်များချမှတ်မှုတွင် တစ်စုံတစ်ရာ အတိုင်းအတာအထိ အထောက်အကူရမည်ဟု ယုံကြည်ပါသည်။

# ကျေးဇူးတင်ပါသည်